# 2

## သင်ခန်းစာ (၂)

# လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အခြေခံမူများ၊ ကျင့်ဝတ်များ နှင့် စံသတ်မှတ်ချက်များ

## Humanitarian Principles, Codes and Standards

HARP-F
Humanitarian Assistance and Resilience Programme Facility

CROWN AGENTS
ACCELERATING SELF-SUFFICIENCY & PROSPERITY

UKaid
from the British people

HARP-F
Humanitarian Assistance and Resilience Programme Facility

# သင်ခန်းစာ ရည်ရွယ်ချက်

၁။ အဖွဲ့အစည်းတစ်ခု၏ လုပ်ငန်းလုပ်ဆောင်ပုံကို ပဲ့ကိုင်နေသော လူသားချင်း စာနာထောက်ထားမှု ဆိုင်ရာ အခြေခံမူများ၊ ကျင့်ဝတ်များနှင့် ၎င်းတို့၏ အရင်းအမြစ်များကို သိရှိနားလည်စေရန်

၂။ ၎င်း အခြေခံမူများနှင့် ကျင့်ဝတ်များကို လက်တွေ့အကျဆုံး အသုံးချ လုပ်ဆောင်နိုင်စေရန်

# လူသားချင်းစာနာထောက်ထားမှု ဆိုင်ရာ အခြေခံမူများ

| | |
|---|---|
| လူလူချင်း စာနာ ထောက်ထားခြင်း (Humanity) | လူသားများ၏ နာကျင်ခံစားရမှုများကို မြင်တွေ့သည်နှင့် ကူညီရမည်။ လူသားချင်းစာနာမှု၏ ရည်ရွယ်ချက်မှာ လူ့အသက်နှင့် ကျန်းမာရေးကို ကာကွယ်ရန်နှင့် လူလူချင်း လေးစားတန်ဖိုးထားမှုကို သေချာစေခြင်း ဖြစ်သည်။ |
| ကြားနေခြင်း (Neutrality) | ကယ်ဆယ်ရေး လုပ်ဆောင်သူ များသည် စစ်မက်နှင့် ပဋိပက္ခအတွင်း မည်သည့်ဘက်မှ မလိုက်ရန် (သို့) မည်သည့် နိုင်ငံရေး၊ လူမျိုးရေး၊ ဘာသာရေး၊ အတွေးအခေါ် အငြင်းပွားမှုများတွင် ပါဝင်ခြင်းမရှိရပါ။ |
| ခွဲခြားမှု မရှိခြင်း (Impartiality) | ကယ်ဆယ်ရေး ဆောင်ရွက်ချက်များသည် လိုအပ်ချက် တစ်ခုတည်း အပေါ်၌သာ အခြေခံ၍ လုပ်ဆောင်ရမည်။ နိုင်ငံသား၊ လူမျိုး၊ ကျား/မ ဖြစ်ခြင်း၊ ဘာသာရေး ယုံကြည်မှု၊ အဆင့်အတန်း (သို့) နိုင်ငံရေးအယူအဆ ကွဲလွဲခြင်းတို့အပေါ် ခွဲခြားမှု လုံးဝ မရှိစေရပါ။ |
| လွပ်လပ်စွာသီးခြား ရပ်တည်ခြင်း (Independence) | ကယ်ဆယ်ရေးလုပ်ဆောင်ချက်များ ဆောင်ရွက်နေသော နေရာဒေသအတွင်းရှိ မည်သည့် အဖွဲ့အစည်း၏ နိုင်ငံရေး၊ စီးပွားရေး၊ စစ်ရေး (သို့) အခြားရည်ရွယ်ချက်များ ပြည့်မီစေရေးကို လုပ်ဆောင်ပေးခြင်းမျိုးမှ ကင်းရှင်းရမည်။ |

# အခြားအခြေခံဥပဒေသများ

| | |
|---|---|
| လူသားချင်းစာနာထောက်ထားရန်သာ အဓိကဖြစ်ခြင်း | Primacy of the humanitarian imperative |
| ဂုဏ်သိက္ခာရှိစွာ အသက်ရှင်နေထိုင်ခွင့် | Right to life with dignity |
| ကျား/မ သာတူညီမျှဖြစ်ခြင်း | Gender equality |
| စစ်ပွဲတွင် ပါဝင်သူနှင့် မပါသူအကြား ခွဲခြားရှုမြင်ခြင်း | Distinction between combatants & non-combatants |
| အဓမ္မနေရပ်ပြန်လွှတ်ခြင်း မရှိစေခြင်း | Non-refoulement |
| ဒေသဓလေ့ထုံးစံနှင့် စွမ်းဆောင်ရည်ကို အသိအမှတ်ပြုခြင်း | Respect for local culture, custom, local capacities |
| ဘေးဒဏ်သင့်ပြည်သူများကို တာဝန်ခံခြင်း | Accountability to disaster affected |

HARP-F
Humanitarian Assistance and Resilience Programme Facility

# အခြားအခြေခံဥပဒေသများ

| | |
|---|---|
| ခုခံကာကွယ်နိုင်စွမ်း နည်းပါးခြင်းကို လျှော့ချခြင်းနှင့် အခြေခံလိုအပ်ချက်များ ပြည့်မီစေခြင်း | Vulnerability reduction & meeting basic needs |
| ထိရောက်သော ဝန်ထမ်းအုပ်ချုပ်မှု | Effective staff management |
| ကျား/မ မတူညီသော လိုအပ်ချက်များကို ဖြည့်ဆည်းပေးခြင်း | Responses addressing different needs of women & men |
| လွတ်လပ်စွာ အကူအညီပေးနိုင်ရေး အခြေအနေတစ်ရပ်ကို ထိန်းသိမ်းခြင်း | Protection of humanitarian space |
| ရလဒ်ဆိုးများ မဖြစ်ပေါ်စေခြင်း | Do No Harm |
| ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်း | Participation |

# အခြေခံကျင့်ဝတ်စည်းကမ်းများ (Code of Conduct)

၁။ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာကိစ္စသည် မရှိမဖြစ် ဦးစားပေးကိစ္စ ဖြစ်သည်။

၂။ အကူအညီပေးရာတွင် လက်ခံသူ၏ လူမျိုး၊ ဘာသာ၊ အယူဝါဒနှင့် နိုင်ငံသားမရွေး ပေးကမ်းပြီး ၎င်းတို့ကို ထိခိုက်စေမည့် မည်သည့်ခွဲခြားမှု တစ်စုံတစ်ရာမှ မရှိပါ။

၃။ နိုင်ငံရေး (သို့) ဘာသာရေး ရှုထောင့်တစ်ခုခုကို ပိုမိုခိုင်မာစေရန်အတွက် ကယ်ဆယ်ရေးပစ္စည်းများကို အသုံးမချရပါ။

၄။ အစိုးရ တစ်ရပ်ရပ်၏ နိုင်ငံခြားရေးမူဝါဒကို အကောင်အထည်ဖော်ပေးသူများ အဖြစ် အသုံးချမခံရအောင် ကျွန်ုပ်တို့အနေဖြင့် ကြိုးပမ်းဆောင်ရွက်ကြရမည်။

၅။ ယဉ်ကျေးမှု၊ ဓလေ့ထုံးစံများကို လေးစားလိုက်နာရမည်။

၆။ ကျွန်ုပ်တို့သည် ဒေသတွင်းရှိ စွမ်းဆောင်ရည်ပေါ်မူတည်ပြီး ဘေးဒုက္ခတုံ့ပြန်နိုင်ရေးအတွက် ကြိုးပမ်း လုပ်ဆောင်ရမည်။

HARP-F
Humanitarian Assistance and Resilience Programme Facility

# အခြေခံကျင့်ဝတ်စည်းကမ်းများ (Code of Conduct)

၇။ ကယ်ဆယ်ရေးအကူအညီများကို စီမံခန့်ခွဲရာတွင် အကျိုးခံစားခွင့်ရှိသူများ ပါဝင်နိုင်စေရန် နည်းလမ်းများ ရှာကြံရမည်။


၈။ ကယ်ဆယ်ရေးအကူအညီသည် အခြေခံလိုအပ်ချက်များ ဖြည့်ဆည်းပေးရုံသာမက အနာဂါတ် ဘေးဒုက္ခများတွင် ထိခိုက်ခံစားရမှု လျော့နည်းသက်သာစေရန်အတွက်လည်း ဦးတည်ဆောင်ရွက်ရမည်။

၉။ အကူအညီပေးရမည့်သူများနှင့် ကျွန်ုပ်တို့ကို ပံ့ပိုးပေးနေသူများအတွက်ပါ ကျွန်ုပ်တို့ အနေဖြင့် တာဝန်ခံရမည်။

၁၀။ ကျွန်ုပ်တို့၏ ပြန်ကြားရေး၊ လူထုဆက်သွယ်ရေးနှင့် ကြေညာချက်များတွင် ဘေးသင့်သူများအား သိက္ခာရှိသော လူသားများအဖြစ် သဘောထားရမည်ဖြစ်ပြီး သနားစရာများအဖြစ် သဘောမထား သင့်ကြောင်း သတိပြုရမည်။

HARP-F
Humanitarian Assistance and Resilience Programme Facility

# လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ စံသတ်မှတ်ချက်များ (CHS)



HARP-F
Humanitarian Assistance and
Resilience Programme Facility

# CHS ၏ ကတိကဝတ် (၉) ချက်

၁။ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ တုံ့ပြန်ဆောင်ရွက်မှုသည် သင့်တော်ဆီလျော်မှု ရှိရမည်။

၂။ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ တုံ့ပြန်ဆောင်ရွက်မှုသည် ထိရောက်ပြီး အချိန်မှီဆောင်ရွက်ရမည်။

၃။ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ တုံ့ပြန်ဆောင်ရွက်မှုသည် ဒေသဆိုင်ရာ စွမ်းဆောင်ရည်များကို အားကောင်းလာစေပြီး ဆိုးဝါးသည့် သက်ရောက်မှုများကို ရှောင်လွှဲရမည်။

၄။ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ တုံ့ပြန်ဆောင်ရွက်မှုသည် ပြန်ကြားဆက်သွယ်မှု၊ ပူးပေါင်းပါဝင်မှုနှင့် အကြံပြုတုံ့ပြန်မှုများအပေါ်တွင် အခြေခံရမည်။

၅။ တိုင်ကြားချက်များကို ကောင်းစွာလက်ခံပြီး ဖြေရှင်းပေးရမည်။

၆။ ဘေးဒုက္ခခံရသော ရပ်ရွာဝန်းကျင်နှင့် လူအများသည် ပြီးပြည့်စုံသော ပူးပေါင်းဆောင်ရွက်မှုရှိသည့် အကူအညီများ ရရှိရမည်။

၇။ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ ဆောင်ရွက်သူများသည် စဉ်ဆက်မပြတ်လေ့လာသင်ယူပြီး တိုးတက်ကောင်းမွန်စေရန် ပြုလုပ်နေသူများ ဖြစ်ရမည်။

၈။ ဝန်ထမ်းများအား ၎င်းတို့၏ လုပ်ငန်းများကို ထိထိရောက်ရောက် ဆောင်ရွက်နိုင်ရန် ၎င်းတို့အား တန်းတူညီမျှစွာဆက်ဆံခြင်းဖြင့် အထောက်အပံ့ပေးရမည်။

၉။ အရင်းအမြစ်များကို ရည်ရွယ်ထားသည့်အတိုင်း တာဝန်သိစွာ အသုံးပြုစီမံခန့်ခွဲရမည်။

# သင်ခန်းစာ ပြီးဆုံးပါပြီ

**References:**


- Regional Training on Disaster Management Course, Asian Disaster Preparedness Center
- Essentials in Humanitarian Practice Training Course, University of East Anglia, April 2018
- Code of Conduct for the International Red Cross and Red Crescent Movement and Non-Governmental Organizations (NGOs) in Disaster Relief - https://www.icrc.org
- Core Humanitarian Standards on Quality and Accountability, First Edition 2014 - https://corehumanitarianstandard.org
- www.humanitarianresponse.info